# ချင်းအမျိုးသားတော်လှန်ရေးသမိုင်းအကျဉ်း

## နိဒါန်း

ချင်းအမျိုးသားတို့သည် အင်္ဂလိပ်တို့ ကျူးကျော်တိုက်ခိုက်မှုမပြုလုပ်မီ အချိန်ကာလအထိ ကိုယ့်မင်း ကိုယ့်ချင်း ဖြင့် သီးခြားလွတ်လပ်သော တိုင်းပြည်တွင်နေထိုင်ခဲ့သည့်လူမျိုးဖြစ်သည်။ ဗမာဘုရင့်နိုင်ငံ နယ်နမိတ်၏ ပြင်ပတွင် သီး ခြား လွတ်လပ်သောနိုင်ငံအဖြစ်တည်ရှိခြင်း၊ အင်္ဂလိပ်တို့ကသီးခြားသိမ်းပိုက်ခြင်း၊ ပင်လုံစာချုပ်တွင် သီးခြားတိုင်း ပြည် ပိုင်ဆိုင်သော လူမျိုးအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးကာ ပြည်ထောင်စုမြန်မာနိုင်ငံ ထူထောင်ရာတွင် ပါဝင်ခဲ့ခြင်းတို့ ကြောင့် သီးခြား လူမျိုး ဖြစ်သည်ကို အခိုင်အမာဖော်ပြနေပေသည်။[1]

ချင်းလူမျိုးတို့သည်သီးခြားဘာသာစကား၊ ယဉ်ကျေးမှုရိုးရာဓလေ့ထုံးတမ်းစဉ်လာနှင့် သီးခြားဂုဏ်အင်လက္ခဏာ ပြည့်စုံသောလူမျိုးဖြစ်ပြီး ကိုယ့်ကိုယ်ကို လူရှိုင်း၊ ကူကီး နာဂ၊ လိုင်မီး၊ ဇိုမီး၊ အရှို၊ ခူမီး၊ ချိုး စသဖြင့် ခေါ်ဝေါ် ခဲ့ကြသော် လည်း တရုတ်ပြည်တွင် နေထိုင်ခဲ့စဉ်အချိန်က စ၍ “ ချင်း ” ဟု အမည်တွင်ခဲ့ပြီးဖြစ်သည်။[2]

ချင်းလဲန်းသည် ရောဝတီနှင့် ချင်းတွင်းမြစ်ကြားရှိ မြေပြန့်နှင့် ကုန်းမြင့်များ၊ ပါတ်ကွိုင်တောင်တန်းအပါအဝင် ဘင်္ဂလား ပင်လယ်အော်နိုက်ဂရိုက်ရေလက်ကြားအထိ သွယ်တန်းနေသော တောင်တန်းများပါဝင်လျက် ပြည်ထောင်စုမြန် မာနိုင်ငံ ၏ အနောက်ဖက်တွင် တည်ရှိသည်။ [3]

## နောက်ခံသမိုင်းအကျဉ်း

၁၈ ရာစု အတွင်း ဗြိတိသျှ၊ ပြင်သစ် ၊ စပိန်နှင့် ပေါ်တူဂီတို့သည် အာဖရိကနှင့် အာရှဒေသများသို့ ကိုလိုနီ နယ် မြေချဲ့ထွင်မှုများ ပြုလုပ်လာခဲ့ကြရာတွင် ဗြိတိသျှ တို့သည် ၁၉ ရာစု အစောပိုင်းတွင် မြန်မာနိုင်ငံသို့ ကျူးကျော်ပြီး စတင် ရောက်ရှိလာပါသည်။ ဗြိတိသျှတို့အနေဖြင့် မဏိပူရကို ကျူးကျော်လာသော ဗမာများကို မောင်းထုတ်ပြီး ၁၉၂၄ ခုနှစ်တွင် ရခိုင်နှင့် တနင်္သာရီဒေသကို စတင်ကျူးကျော်မှုပြုလုပ်လာခဲ့သည်။ (၂)နှစ်ကျော် စစ်ပွဲဖြစ်ပွားပြီး ၁၈၂၄- ၁၈၂၆ ခုနှစ်တွင် ရခိုင် နှင့် ချင်းပြည်တောင်ပိုင်းအချို့ကို သိမ်းပိုက်ခဲ့သည်။ ချင်းပြည်တောင်ပိုင်းရှိ ချင်းအမျိုးသားများသည် အင်္ဂလိပ် ကျူး ကျော်စစ်ကို ခုခံစစ်ဆင်နွှဲခဲ့ကြရာ မီးဝတိုက်ပွဲ၊ ကူဝတိုက်ပွဲ၊ စစ်သောင်တိုက်ပွဲ နှင့် မောင်နမတိုက်ပွဲများသည် အထူးထင် ရှားခဲ့သည်။ ချင်းအမျိုးသားများသည် ဓါး၊ လှံ၊ လေး နှင့် မြားကိုသာ အသုံးပြုသဖြင့် ရိုင်ဖယ်သေ နတ်ကိုင် ထားသော ဗြိတိ သျှများကို ခုခံနိုင်စွမ်းမရှိဘဲ ၁၈၂၆ ခုနှစ်တွင် ပလက်ဝနယ် တောင်ပိုင်းသည် ဗြိတိသျှ လက်အောက်သို့ ကျရောက် သွား ခဲ့သည်။

ဗြိတိသျှနယ်ချဲ့တို့သည် ၁၇၆၅ ခုနှစ်တွင် ကချာဒေသနှင့် စီထက်(Sythet) များကိုလည်းကောင်း၊ ၁၈၈၅ ခုနှစ် တွင် မြန်မာပြည်ဒေသတစ်ခုလုံးအားလည်းကောင်း သိမ်းပိုက်စိုမိုးနိုင်ခဲ့ကြပြီးဖြစ်သည်။ ထိုမှတဆင့် ချင်းလဲန်းအား ကျူး ကျော် တိုက်ခိုက်ရန် အခွင့်အခါကောင်း စောင့်ကြည့်နေခဲ့ကြရာ (၁၈၇၁၊ ၁၈၈၈၊ ၁၈၈၉) ခုနှစ်များတွင် သုံးကြိမ် တိတိ စစ်ခင်းကာ ကျူးကျော်စစ်ဆင်နွှဲလာခဲ့သည်။ သို့သော် လွတ်လပ်မှုနှင့်ငြိမ်းချမ်းမှုကို အစဉ်မြတ်နိုးသော ချင်းအမျိုးသားတို့ သည် ရရာ လက်နက်စွဲကိုင်ကာ နယ်ချဲ့ဗြိတိသျှကို ခုခံတိုက်ခိုက်ခဲ့ကြသည်။ တိုက်ပွဲများသည် အလွန်ပြင်းထန်ပြီး ဗြိတိသျှ တို့

---

[1] Chin Forum အလုပ်အဖွဲ့(၁) မှ ရေးသားပြုစုသည့် ချင်းလဲန်းဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း (၄)၊ စာမျက်နှာ (၆)။

[2] Rev. Dr. Chum Awi ရေးသားသော ချင်းလူမျိုးသမိုင်း စာမျက်မှာ ()။

[3] Chin Forum အလုပ်အဖွဲ့(၁) မှ ရေးသားပြုစုသည့် ချင်းလဲန်းဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း (၄)၊ စာမျက်နှာ (၅)။

အနေဖြင့် ခက်ခက်ခဲခဲတိုက်ယူရပုံကို ထိုစစ်ပွဲများတွင် ပါဝင်သည့် စစ်ဗိုလ်ချုပ်များ၏ မှတ်တမ်း၊ မှတ်ရာများ ကလည်းကောင်း၊ အင်္ဂလိပ်စစ်မှုထမ်းကောင်း အမြင့်ဆုံး ဆုတံဆိပ်ဖြစ်သည့်( Victoria Cross) ဘွဲ့များ ချီးမြင့်ခဲ့ကြသည်ကို ကြည့်ခြင်းအားဖြင့် လည်းကောင်း သိရှိနိုင်ပေသည်။ ချင်းအမျိုးသားတို့ အနေဖြင့် မိမိတို့၏ အချုပ်အချာ အာဏာ မဆုံးရှုံးရေးနှင့် ချင်းပြည်အား သူတပါးလက်အောက် မရောက်ရှိရေးအတွက် အသက်ပေါင်းများစွာ စတေး၍ ခုခံရေးစစ်ပွဲများ ဆင်နွှဲခဲ့ကြသည်။ ထိုခုခံရေးစစ်ပွဲများတွင် ပူးခိုင်ကမ်း၊ ပူးကြွမ်ဘိခ်၊ ပူးလာလ်လွယ်၊ ပူးဇဟွတ်၊ ပူးဟောင်ဆပ် တို့သည် ထင်ရှားသော ချင်းအမျိုးသား ခေါင်းဆောင် များဖြစ်ကြသည်။ လက်နက်နှင့်လူသူ အင်အား မမျှတလွန်းခြင်း တို့ကြောင့် ၁၈၉၅ ခုနှစ်တွင် ချင်းပြည်တခုလုံးသည် နယ်ချဲ့လက်အောက်သို့ လုံးလုံးလျားလျား ကျရောက်ခဲ့ရသည်။

၁၉၁၄ ခုနှစ်တွင် ဂျာမန်၊ ဩစတြီးယား၊ ဟန်ဂေရီ၊ တူရကနှင့် ဘူလ်ဂေးရီးယားက တဖက်၊ အင်္ဂလန်၊ ပြင်သစ်၊ ရုရှား၊ အမေရိကန် နှင့် အခြားနိုင်ငံများက တဖက် ပထမ ကမ္ဘာစစ်ကြီး စတင်ခဲ့သည်။ ဤစစ်ပွဲတွင် ပါဝင်တိုက်ခိုက် ရန်အတွက် အင်္ဂလိပ်တို့သည် ၎င်း၏ ကိုလိုနီနိုင်ငံများမှ စစ်သားစုဆောင်းမှုပြုလုပ်ခဲ့သည်။ ၁၉၁၆ ခုနှစ်တွင် အိန္ဒိယ နှင့် မြန်မာပြည်မှ စစ်သည် တစ်သန်းနှင့် စစ်မတိုက်သော အမှုထမ်း(၅)သိန်းကို မက်ဆိုပိုတေးမီးယား၊ အီဂျစ်၊ ပြင်သစ် နှင့် တူရ ကီများသို့ စေလွှတ်ခဲ့သည်။ ချင်းလူငယ် (၄၀၀၀) ကျော်သည်လည်း စစ်မှုထမ်းရန် ဥရောပ စစ်မြေပြင်သို့ ရောက်သွား ခဲ့ကြသည်။ ၁၉၁၇ ခုနှစ် အရောက်တွင် အင်္ဂလိပ်တို့သည် စစ်မှုထမ်းရန်အတွက် ချင်းတောင် အုပ်ချုပ်ရေး ဒေသ တစ်ခုစီ မှ စစ်သား (၁၀၀၀)စီ ထပ်မံတောင်းခံခဲ့ကြသည်။ ချင်းအမျိုးသားတို့ အနေဖြင့် စစ်မှုထမ်းရန် အရင်သွားရောက်ခဲ့ကြ သော ချင်းစစ်သားများ ပြန်လည်ရောက်ရှိကြခြင်းမရှိတော့သည်ကို သင်ခန်းစာယူ၍ စစ်မှုထမ်းရန် ငြင်းဆန်ခဲ့ကြသဖြင့် ၁၉၁၇ ခုနှစ်၊ စက်တင်ဘာလ မှ တော်လှန်ပုန်ကန်မှုကို စတင်ခဲ့ကြသည်။ ဤတော်လှန်ပုန်ကန်မှုသည် တပြည်လုံးသို့ ပြန့်နှံ့ လာခဲ့ရာ အင်္ဂလိပ်တို့သည် စစ်အင်အားသုံးပြီး ရွာများမီးရှို့ခြင်း၊ ရိက္ခာများဖြတ်တောက်ခြင်း၊ ရွာသားများအား ညှင်းပမ်း ခြင်းများ ပြုလုပ်၍ နှိမ်နင်းခဲ့သည်။ ဤတော်လှန်မှုသည် လက်နက်အင်အား၊ လူအင်အား မမျှခြင်း၊ တိုက်ခိုက်ရေး စနစ်ကျမှု မရှိခြင်းတို့ကြောင့် ၁၉၂၃ ခုနှစ်တွင် မေးမှိန်ခဲ့ရသည်။

**ချင်းအမျိုးသားသမဂ္ဂ(Chin National Union)**

၁၉၀၀ အစောပိုင်းကာလတွင် နယ်ချဲ့အင်္ဂလိပ်များသည် ချင်းအမျိုးသားများအား စစ်ပုလိပ်၊ အာသံရိုင်ဖယ်၊ ဗမာ သေနတ်ကိုင်တပ်ရင်း နှင့် ချင်းတောင် တပ်ရင်းများတွင် စစ်မှုထမ်းစေခဲ့သည်။ ဤတပ်ဖွဲ့များ ဖြင့် ချင်းအမျိုးသားများ၏ တော်လှန်ပုန်ကန်မှုကို တန်ပြန်တိုက်ခိုက်စေခဲ့သည်။ ဗမာပြည်တွင် မျိုးချစ် လူငယ်များမှ တို့ဗမာ အစည်းအရုံး ဖွဲ့စည်းပြီး အမျိုးသားလှုပ်ရှားမှုများပြုလုပ်လာခဲ့ကြသည့် နည်းတူ ချင်းမျိုးချစ်လူငယ်များ ဖြစ်သော ဝမ္မသူး မောင်းနှင့် အောင်မင်းတို့သည်လည်း ချင်အမျိုးသားသမဂ္ဂ ( Chin National Union ) ကို ဖွဲ့စည်းပြီး အမျိုးသားလှုပ်ရှားမှုကို ပြုလုပ်ခဲ့ကြသည်။ ၁၉၃၃ ခုနှစ်တွင် ချင်းအမျိုးသားသမဂ္ဂသည် ရန်ကုန်ရှိ ဗြိတိသျှအစိုးရထံသို့ ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန် တောင်းဆိုခဲ့ကြသည်။ ဗမာပြည် လွတ်လပ်ရေးပေးပါက ချင်းလဲန်းကိုလည်း လွတ်လပ်ရေးပေးရန် တောင်းဆိုခဲ့ကြသည်။ ဗြိတိသျှ အစိုးရထံမှ မည်သို့မျှ အကြောင်းပြန်ကြားခြင်း မရှိသည့် အပြင် ၁၉၃၉ ခုနှစ်တွင် ဝမ္မသူးမောင်း၊ ဝါးဇိလော၊ ကိပ်လိန်း၊ အောမ်န၊ အောင်လင်း၊ အောမ်ကမ်၊ ဝမ်းသူနိုင်၊ ကီးမန် နှင့် လိန်းကီးတို့ကို ဖမ်းဆီးပြီး ဂျပန် ကျူးကျော်မှု စတင်သည့်အထိ ထောင်သွင်းအကျဉ်း ချထားခဲ့သည်။

**ချင်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ် (Chin People's Freedom League)**

၁၉၄၈ ခုနှစ်တွင် ချင်းမျိုးချစ် လူငယ် မန်တုံးနန်း ( Captain Mang Tung Nung ) ဦးဆောင်၍ ချင်းပြည်သူလွတ် မြောက်ရေးအဖွဲ့ချုပ် ( Chin People Freedom League ) ကိုဖွဲ့စည်းခဲ့ပြီး အမျိုးသားရေးအတွက် စွမ်းစွမ်းတမံ လုပ်ဆောင် ခဲ့ကြသည်။ ၁၉၅၁ ခုနှစ်အထိ ဗိုလ်ကြီး မန်တုံးနန်း ကိုယ်တိုင် ချင်းရေးရာကောင်စီတွင် ပါလီမန် အတွင်းဝန်ဖြစ်လာကာ ၁၉၅၁ ခုနှစ်မှစ၍ ဝန်ကြီးချုပ် ဦးနု၏ အစိုးရတွင် အတွင်းဝန်အဖြစ်ဆောင်ရွက်ခဲ့သည်။

**ချင်းအမျိုးသားအဖွဲ့အစည်း ( Chin National Organization )**

၁၉၅၇ ခုနှစ်တွင် ချင်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ် (Chin People's Freedom League ) နှင့် ချင်းအမျိုး သားသမဂ္ဂ(Chin National Union ) တို့ ပူးပေါင်း၍ ချင်းအမျိုးသားအဖွဲ့ချုပ် ( Chin National Organization ) ကို ဖွဲ့ စည်းခဲ့ကြသည်။ ပထမဆုံးဥက္ကဋ္ဌအဖြစ် မန်တုံးနန်းကိုယ်တိုင် ဆောင်ရွက်ခဲ့သည်။ သူသည် မျိုးချစ်ပုဂ္ဂိုလ်တဦးဖြစ်ပြီး ပါလီ မန် အတွင်းတွင် မြန်မာအဝတ်အစားမဝတ်ပဲ အနောက်တိုင်း ယဉ်ကျေးမှု ဝတ်စားပုံအတိုင်း တက်ရောက်ခဲ့သူ လည်း ဖြစ်သည်။ CNO သည် မျိုးချစ်ပုဂ္ဂိုလ်များဖြင့်တည်ထောင်ထားသည့်အားလျော်စွာ ပြည်သူ့ထောက်ခံမှုရရှိကာ အမျိုးသား ရေးအတွက် အခြေခံဥပဒေ ဘောင်အတွင်းမှ တိုက်ပွဲဝင်ခဲ့ကြသည်။

၁၉၆၄ ခုနှစ်တွင် အာဏာရှင် ဦးနေဝင်းမှ အာဏာသိမ်း၍ ပါလီမန်ဖျက်သိမ်းခြင်းကို မကျေမနပ်ဖြစ်ကြသည်က တကြောင်း၊ လုပ်သားပြည်သူများလက်သို့ အာဏာပြန်အပ်ချင်ကြသည်က တကြောင်းတို့ကြောင့် ချင်းပါလီမန်အမတ် များနှင့် ချင်းပညာတတ်မျိုးချစ်ပုဂ္ဂိုလ်များ ဦးဆောင်မှုဖြင့် အမျိုးသားလှုပ်ရှားမှုကို စတင်ပြုလုပ်ခဲ့ကြသည်။ Anti-Communist Freedom Organization ကို ဖွဲ့စည်းခဲ့ကြပြီး ဒုတိယဗိုလ်မှူးကြီး ဆွန်ခိုပေါင်(Lt. Col Suan Kho Pau)၊ ဒမ်ခိုဟော (Pu Dam KhoHaw)၊ မာန်ခန်ပေါင် (Pu Mang Khan Pau )၊ ဟရန်နော်လ် ( Pu Hrang Nawl )၊ ဆွန်ကျင်လျန် ( Pu Suan Cin Lian ) နှင့် သွာလ်ဇင် (Pu Tual Zen ) တို့က ဦးဆောင်ခဲ့ကြသည်။ ပြည်သူလူထုအတွင်း စည်းရုံးရေးကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက်ခဲ့ကြရာ ချင်းအမျိုးသားများ၏ ထောက်ခံမှုကို အထူးရရှိခဲ့ကြသည်။ ဒု-ဗိုလ်မှူးကြီး ဆွန်ခိုပေါင် ဦးဆောင်မှုဖြင့် ချင်းလူငယ်(၃၀)ဦး တို့သည် အရှေ့ပါကစ္စတန်(ယခုဘင်္ဂလာဒေ့ရှ်နိုင်ငံ) တွင် အောင်မြင်စွာ စစ်ပညာသင်ယူခဲ့ကြပြီး လက်နက်နှင့် အတူ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။ ဒု-ဗိုလ်မှူးကြီး ဆွန်ခိုပေါင်သည် ကျန်ဖိုင်တွင် ချင်းအစိုးရ (Chin Government) ဖွဲ့စည်းခဲ့သော်လည်း အဖွဲ့ခေါင်းဆောင် ဟရန်နော်လ်မှ လက်နက်ဖျက်သိမ်းခဲ့သည်။ ၁၉၆၅ ခု နှစ်တွင် အိန္ဒိယ ဝန်ကြီးချုပ် လာလ်ဗဟာဒူးရှက်ထရီ(Lal Bahadur Shastri) သည် မြန်မာနိုင်ငံသို့ အလည်အပတ် သွား ရောက်ပြီး ဗိုလ်ချုပ်ကြီးနေဝင်းနှင့် အိန္ဒိယ-မြန်မာနယ်စပ်တလျှောက်ရှိ ပုန်ကန်ထကြွသူများအရေးကို ဆွေးနွေးခဲ့ကြရာ အိန္ဒိယနှင့်မြန်မာ နှစ်နိုင်ငံအတွင်း မည်သည့်ခွဲထွက်ရေးလှုပ်ရှားမှု၊ တိုင်းပြည်ပြိုကွဲစေမည့် လှုပ်ရှားမှုမှန်သမျှ ပူးတွဲ တားဆီးရန် သဘောတူခဲ့ကြသည်။ အကျိုးဆက်အဖြစ် ချင်းအမျိုးသားခေါင်းဆောင်များဖြစ်သော ဟရန်နော်လ် (Hrang Nawl)၊ ဆွန်ခိုပေါင်(Suan Kho Pau)၊ ဒမ်ခိုဟော(Dam Kho Haw)၊ ရိုထန်(RoThang) နှင့် အခြားမျိုးချစ်ပုဂ္ဂိုလ်များကို အိန္ဒိယအစိုးရမှ ဖမ်းဆီးကာ မြန်မာအစိုးရထံ လွှဲအပ်ခဲ့သည်။ ဒု-ဗိုလ်မှူးကြီးဆွန်ခိုအား ထောင်ဒဏ်(၁၀)နှစ်၊ ဟရန်နော်လ် နှင့် ဒမ်ခိုဟောတို့အား ထောင်ဒဏ်(၈)နှစ် အသီးသီးချမှတ်ခဲ့ကြသည်။

**ချင်းဒီမိုကရေစီပါတီ (Chin Democracy Party)**

ပါလီမန်အမတ်ဟောင်း ဂျွန်မန်တလင်း (John Mang Tling) နှင့် ချင်းမျိုးချစ်လူငယ်တစ်စုတို့သည် ဦးနု ဦးဆောင် သောပါလီမန်ဒီမိုကရေစီအဖွဲ့သို့ ပူးပေါင်းပါဝင်ရန်အတွက် ချင်းပြည်နယ်မှ ထိုင်းနယ်စပ်သို့ ထွက်ခွါခဲ့ကြပြီး ၁၉၆၉ ခုနှစ်၊ ဒီဇင်

ဘာလ(၃၀)ရက်နေ့တွင် ဘန်ကောက်မြို့သို့ရောက်ရှိသွားကြကာ ပါလီမန်ဒီမိုကရေစီ (Parliament Democracy) အဖွဲ့သို့ ၁၉၇၀ ခုနှစ်၊ ဇနဝါရီလ(၁)ရက်နေ့တွင် ဝင်ရောက်ခဲ့ကြသည်။ ၁၉၇၀ ခုနှစ်၊ ဧပြီလ(၆)ရက်နေ့တွင် ဝီလီယာန်ဆာ လျန်ဇမ် (William Salian Zam) နှင့် မိုက်ကယ်လ် မန်ခမ်းပေါင်(Michaeal Mang Khang Pau) တို့ဘန် ကောက်သို့ ရောက်ရှိခဲ့ကြပြီး ဦးမန်တလင်း(Pu Mang Tling) တို့နှင့် ဆွေးနွေးကာ ချင်းဒီမိုကရေစီပါတီ( Chin Democracy Party ) ကို ဖွဲ့စည်း ခဲ့ကြသည်။ ၁၉၇၁ ခုနှစ်၊ ဖေဖော်ဝါ ရီလ (၂၀)ရက်နေ့တွင် ဂျင်မီ( Jimmy) ဦးဆောင်သော ဇိုမီး ချင်းအမျိုးသား တပ်ဦး (Zomi Chin National Front) နှင့်ဆွေးနွေးကာ နှစ်ဦးနှစ်ဖက် သဘောတူညီမှုဖြင့် (၂) ပါတီစလုံး ဖျက်သိမ်းကာ ညီညွတ်သောဇိုမီးဒီမိုကရေစီပါတီ (United Zomi Democracy Party-ZMDP) ကို တည်ထောင်ခဲ့ကြသည်။ ၁၉၇၁ ခုနှစ်၊ ဖေဖော်ဝါရီ(၂၅)ရက်နေ့တွင် ယခင် ZCNF ဥက္ကဌ ဂျင်မီ (Jimmy)နှုတ်ထွက်သွားသဖြင့် ပါတီကို ဖေဖော်ဝါရီလ(၂၈) ရက်နေ့ တွင် ချင်းဒီမိုကရေစီပါတီ(Chin Democracy Party)အဖြစ် ပြန်လည် ဖွဲ့စည်းလိုက်သည်။ ဥက္ကဌအဖြစ် ဂျွန်မန်တလင်း (John Mang Tliang )၊ ဒုဥက္ကဌအဖြစ် ဝီလီယံဆာလျန်ဇမ် (William Salian Zam )၊ အထွေထွေအတွင်းရေးမှူး အဖြစ် ပေါလ်ဂျလ်ထော( Paul Chal Thaw ) နှင့် ဘဏ္ဍာရေးမှူးအဖြစ် ဒေးဗစ်ထန် ( David Thang ) တို့က ဆောင်ရွက်ခဲ့ကြ သည်။ မတ်လ(၂၅)ရက်နေ့တွင် ပေါလ်ဂျာလ်ထော (Paul Chal Thaw ) နှုတ်ထွက်သွားသဖြင့် ဒေးနီယယ်လ် ထန်းလျန် (Denial Thang Lian )ကို အထွေထွေအတွင်းရေးမှူးအဖြစ် ပြန်လည် ခန့် အပ်ခဲ့ကြသည်။

၁၉၇၂ခုနှစ် ဩဂုတ်လ(၂၄) ရက်နေ့တွင် ကရင်နီပြည်နယ်လွတ်မြောက်ရေးတပ်မတော်၏ အနောက်မြောက်တိုင်း စစ်ဌာန ချုပ်၌ တော်လှန်ရေး နယ်မြေရောက် ချင်းအမျိုးသားများစုဝေးခဲ့ကြပြီး ချင်းလွတ်မြောက်ရေးတပ်မတော်ကို တည် ထောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)ဌာနချုပ်အနီးတွင် စခန်းတည်ဆောက် ခဲ့ကြ ပြီး ၎င်းစခန်းကို ဖွန်ဒေါ့ (Phun Dawt) ဟုခေါ်ခဲ့ကြသည်။ စစ်ဦးစီးချုပ် ဂျွန်မန်တလင်းမှ ဦးဆောင်ခဲ့ပြီး ဝီလီယာန် ဆာ လျန်ဇမ် မှ ပုဂ္ဂိုလ်ရေးအရ စစ်ဦးစီးချုပ်ရာထူးကို တောင်းဆိုခဲ့ရာ ဂျွန်မန်တလင်းမှ လိုလိုလားလားပေးအပ်ခဲ့သဖြင့် ဗိုလ်မှူး ဝီလီယာန် ဆာလျန်ဇမ်သည် စစ်ဦးစီးချုပ်ဖြစ်လာခဲ့သည်။ ၎င်းစခန်းတွင် (၆)လ ခန့်နေထိုင်ခဲ့ကြပြီး ၁၉၇၃ ခုနှစ်၊ ဇနဝါရီ(၈) ရက်နေ့ တွင် ၎င်းဖွန်ဒေါ့ စခန်းမှ (၄)ရက် ခရီးဝေးသောနေရာသို့ ပြောင်းရွှေ့ကာ စခန်းသစ်တည် ဆောက် ခဲ့ကြသည်။ ၎င်းစခန်း အား လိုင်မီး(Laimi) စခန်းဟု ခေါ်ဝေါ်ခဲ့ကြသည်။

၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ(၂၉)ရက်နေ့တွင် ပါလီမန်ဒီမိုကရေစီပါတီ(Parliament Democracy Party) ဥက္ကဌကြီး ဦးနု ရာထူးမှ နှုတ်ထွက်လိုက်ပြီး ၎င်း၏ နေရာတွင် ဗိုလ်ချုပ်ကြီးလက်ကျာမှ ဆက်ခံခဲ့သဖြင့် ချင်းအမျိုးသား ဒီမိုကရေ စီအတွင်း စိတ်ဓါတ်ကျဆင်းမှုများ ဖြစ်ပေါ်လာခဲ့ကာ တဖြည်းဖြည်းနဲ့ ချင်းလွတ်မြောက်ရေး တပ်မတော်သည် လည်း အင်အား(၁၅၀) မှ(၁၀၀) သို့ လျော့နည်းသွားခဲ့သည်။ ၁၉၇၆ ဖေဖော်ဝါရီလ(၁၈)ရက်နေ့တွင် (PDP) ပါတီကိုလည်း ဖျက် သိမ်းပစ်လိုက်ကြသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံညီညွတ်ရေးနှင့် လွတ်မြောက်ရေးတပ်ပေါင်းစုကြီး (တညလ)သည် လည်း ပြိုကွဲ စပြုလာခဲ့သည်။

၁၉၇၆ ခုနှစ်၊ ဇန်နဝါရီလ(၁၄)ရက်နေ့တွင် ချင်းပြည်နယ်သို့ စည်းရုံးရေးကိစ္စနှင့်ပတ်သက်၍ CDP/CLA တို့ ဆွေး နွေးခဲ့ရာ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ကြသည်။

(၁) ချင်းပြည်နယ်လွတ်မြောက်ရေးတပ်မတော်(CLA)ကို ချင်းအမျိုးသားတပ်မတော်(CNA) သို့ပြောင်းရန်၊
(၂) ချင်းပြည်သို့ရောက်ရှိနိုင်ရေးအတွက် KIO ထံ အကူအညီတောင်းရန်၊
(၃) ချင်းပြည်သို့ရောက်ရှိသူများသည် ယခုလက်ရှိ ရာထူးထက်(၃)ဆ တိုးပေးရန်၊
(၄) ချင်းပြည်နယ်သို့ ရောက်ရှိသောအခါ ခိုင်မိုးလင်းဦးဆောင်သောရခိုင်လွတ်မြောက်ရေးပါတီအား စားဝတ် နေရေး ဆက်လက်တာဝန်ယူပေးရန်တို့ဖြစ်သည်။

၁၉၇၆ ခုနှစ် ဒီဇင်ဘာလတွင် ဗိုလ်မှူးဝီလီယာန်ဆာလျန်ဇမ် ဦးဆောင်သော ချင်းလွတ်မြောက်ရေးတပ်မတော် (CLA) သည် မာနေပလော ဌာနချုပ် မှ ရှမ်းပြည်ကို ဖြတ်၍ ကချင်ပြည်သို့ ချီတက်လာကြသည်။ ၁၉၇၇ ခုနှစ် နွေဦးတွင် ကချင်ပြည်သို့ ရောက်ရှိခဲ့ကြပြီး နာဂတောင်တန်းအရောက်တွင် မိုးဦးကျနေပြီ ဖြစ်သည်။ ချင်းပြည်အဝင်တွင်မူ မိုးကျနေပြီ ဖြစ်သဖြင့် လေသာတောင် အရောက်တွင် ကြမ်းတမ်းသော ရာသီဥတု ဒါဏ်၊ ဆေးဝါး နှင့် အစာရေစာ ပြတ်လတ်မှုတို့ကို အလူးအလဲ လိုမ့်ခဲ့ကြသည်။ တီးတိန်မြို့နယ် ဖွန်နွမ်(Phun Nuam) ကျေးရွာ အရောက်တွင် ရိက္ခာ စုဆောင်းရန်အတွက် ဖွန်နွမ်ကျေးရွာမှ (၅)မိုင်သာဝေးသော ထုတ်လိုင်(Thukm Lai)ရွာသို့ ရိက္ခာဝယ်ယူရန် သွားသော ရွာသားများမှတဆင့် (မဆလ ) စစ်သားများထံ သတင်းပေါက်ကြားခဲ့သည်။ ထိုကြောင့် ဆိုင်ဇမ်(Sai Zam)နှင့် ဖွန်နွမ် ကျေးရွာများတွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ (၃)ဦးဒဏ်ရာရရှိခဲ့ကြသည်။ အစာရေစာပြတ်လတ်မှု၊ ရာသီဥတု ဆိုးဝါးမှု၊ တိုက်ပွဲဖြစ်ပွားမှုတို့ကြောင့် ဗိုလ်မှူးဝီလီယာန်ဆာလျန် ဦးဆောင်သောအဖွဲ့(၂၀)ဦးတို့သည် ဗန်သဲ (VangTe) ရွာတွင် မဆလ စစ် သားများ၏ ဖမ်းဆီးခြင်းကို ခံခဲ့ကြရသည်။ အဆိုပါ ဖမ်းဆီးခံခဲ့ရသော ချင်းလွတ်မြောက်ရေး တပ်မတော်သားများအား အမှုစစ်ဆေးခြင်းမပြုပဲ တောင်ပိုင်းတိုင်းစစ်ဌါနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှထွန်း၏ အမိန့်ဖြင့် ဗိုလ်ကြီး မောင်အေးမှ ကားလမ်းဘေးတွင် တန်းစီရပ်ခိုင်းကာ အားလုံးသတ်ပစ်ခဲ့သည်။ ၎င်း စစ်ကြောင်းတွင် (၁၂၀) ဦးအနက် (၄၆) ဦးအား ကလေးမြို့ထောင်သို့ ပို့ခဲ့ကြပြီး (၄) ဦးမှာ တိုက်ပွဲတွင် ဒဏ်ရာရရှိခဲ့ကြသည်။ ကျန် (၄၀)ဦးမှာ သွေးအေးအေးဖြင့် သတ်ဖြတ်ခြင်း ခံခဲ့ကြသည်။ ထိုအချိန်မှ စ၍ ချင်းလွတ်မြောက်ရေးတပ်မတော် (ခေါ်) ချင်းအမျိုးသား တပ်မတော်သည် ပြန်လည် နလံထူ နိုင်ခဲ့ခြင်း မရှိတော့ပေ။

**မီဇိုအမျိုးသားတပ်ဦး (Mizo National Front)**

၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ(၂၈)ရက်နေ့တွင် မီဇိုအမျိုးသားတပ်ဦး(Mizo National Front) ကို စတင် ဖွဲ့စည်းကာ ဥက္ကဌ အဖြစ် လောလ်ဒေန်အာ (Laldenga) ဦးဆောင်လျက် ဗမာ၊ အိန္ဒိယနှင့် အရှေ့ပါကစ္စတန် (ဘင်္ဂလား ဒေ့ရှ်) နိုင်ငံရှိ ချင်းအမျိုးသားများနေထိုင်သော နယ်မြေကို တိုင်းပြည်တစ်ပြည် ပေါ်ထွန်းစေရန် စတင် လှုပ်ရှားလာခဲ့သည်။ ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာ ပထမပတ်တွင် Laldenga, Lalnunmawia, Saihngaka တို့သည် အရှေ့ပါကစ္စတန်သို့ တိတ်တဆိတ်ထွက်သွားကြပြီး ပါကစ္စတန် ထောက်လှမ်းရေးများနှင့် သွားရောက်တွေ့ဆုံခဲ့ကြသည်။ အရှေ့ပါကစ္စတန်အစိုးရက ကောင်းမွန်စွာကြို ဆိုခဲ့ပြီး အခြေခံ ဒေသ၊ လက်နက်နှင့်ငွေကြေးထောက်ပံ့ကူညီရန် သဘောတူခဲ့ကြသည်။ စာအဆက်အသွယ်ပြုလုပ်ရေး နှင့် စစ်ရေး လေ့ကျင့်ရေး ပြုလုပ်ပေးမည့် အစီအစဉ်များကိုပါပြုလုပ်ခဲ့ကြသည်။ မီဇိုအမျိုးသား တပ်ဦး အနေဖြင့်မြေအောက် မီဇိုအစိုးရ (Underground Mizo Government)ကို ဖွဲ့စည်းခဲ့ကြပြီး လွတ်လပ်ရေးရယူရန် ပြင်းထန်စွာ လှုပ်ရှားခဲ့ကြသည်။

**ဇိုမီးလွတ်မြောက်ရေးတပ်ဦး(Zomi Liberation Front)**

၁၉၆၆ ခုနှစ်၊ မတ်လ(၁)ရက်နေ့တွင် (MNF)မှ လွတ်လပ်ရေးကြေငြာကာ အိန္ဒိယအစိုးရအား တရားဝင် တော် လှန်ခဲ့သည်။ ၁၉၆၈ ခုနှစ်အထိ မီဇိုရမ်တလျှောက် လှုပ်ရှားတိုက်ပွဲဆင်နွှဲခဲ့ကြပြီး အိန္ဒိယ နှင့် မြန်မာ၏ ပူးတွဲ စစ်ဆင် မှုကြောင့် ၁၉၆၉ ခုနှစ်တွင် အရှေ့ပါကစ္စတန်သို့ ပြောင်းရွှေ့အခြေချခဲ့ကြသည်။ မီဇိုအမျိုးသားတပ်ဦးနှင့်အတူ ပါရှိ လာခဲ့ သော ချင်းအမျိုးသားများသည် ချင်းပြည်သူများအတွင်းသို့ ထိုးဖောက် စည်းရုံးနိုင်ရေးအတွက် မီဇိုအမျိုးသားတပ်ဦး ၏ ခွင့်ပြုချက်ဖြင့် ဇိုမီးလွတ်မြောက်ရေးတပ်ဦး(ZNF)ကို ဖွဲ့စည်းခဲ့ကြသည်။ ဥက္ကဌ ပူး တျာလ်ခါလ်ဖြစ်ပြီး ဒု-ဥက္ကဌ ပူး ထောင်းလွယ် နှင့် နိုင်ငံခြား ရေးတာဝန်ခံအဖြစ် ပူးထောင်ဆိုင် မှဆောင်ရွက်ခဲ့သည်။ အရှေ့ပါကစ္စတန်၊ ဆွန်ဆောင်အရပ်တွင် စခန်းချပြီး မီဇိုအ မျိုးသားတပ်ဦးနှင့်အတူ လှုပ်ရှားခဲ့ကြသည်။

၁၉၇၁ ခုနှစ် ပါကစ္စတန်နှင့် အိန္ဒိယ နှစ်နိုင်ငံ စစ်ပွဲတွင် ပါကစ္စတန်စစ်ရှုံးသဖြင့် ဘင်္ဂလာဒေ့ရှ် နိုင်ငံပေါ်ထွန်း လာခဲ့ ရာ မီဇိုအမျိုးသားတပ်ဦး(MNF)သည်လည်း ဘင်္ဂလာဒေ့ရှ်နိုင်ငံတွင် အခြေချခွင့်မရတော့ပေ။ ထို့ကြောင့် မီဇိုရမ် (အိန္ဒိယ) နှင့် ရခိုင်ပြည်သို့ ပြောင်းရွှေ့အခြေချခဲ့ကြသည်။ ဤကဲ့သို့သော အခြေအနေကြောင့် မီဇိုအမျိုးသားတပ်ဦး (MNF) နှင့် ဇိုမီး လွတ်မြောက်ရေးတပ်ဦး(ZLF) အကြား ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ဆွေးနွေးချက်အရ ပူးလာလ်နွန်မွေးအား (Lal nunmawia) အား အိန္ဒိယအစိုးရထံသို့လည်းကောင်း၊ ပူးတျာလ်ခါလ်(Tial Khal)အား ကချင်ပြည်လွတ် မြောက်ရေး အဖွဲ့ (KIO) ထံသို့လည်းကောင်း ချဉ်းကပ်စေရန် သဘောတူခဲ့ကြသည်။ ၁၉၇၂ ခုနှစ်တွင် ဇိုမီးလွတ်မြောက်ရေးတပ်ဦး (Zomi Liberation Front)မှ ပူး တျာလ်ခါလ်နှင့် ပူးရွှေတလင်း (Sui Tling) တို့ (KIO)သို့ သွားရောက်ခဲ့ကြပြီး ဘဏ္ဍာရေး အတွင်း ရေးမှူး ဦးဘရန်ဆိုင်း ( Brang Saing)နောင်တွင် KIO ဥက္ကဋ္ဌဖြစ်လာသူ)နှင့် သွားရောက်တွေ့ဆုံခဲ့ကြသည်။ ကချင်လွတ် မြောက်ရေးအဖွဲ့ (KIO)နှင့် သဘောတူညီမှုပြုလုပ်ရန်နှင့် ဇိုမီးလွတ်မြောက်ရေးတပ်ဦး(ZLF)အဖွဲ့အား အမြန်ဆုံး စစ် သင် တန်းပေးရေး စီစဉ်ရန် တို့ ပါဝင်ခဲ့သည်။ ကချင်ပြည်တွင် အချိန်ကြာနေထိုင်ခဲ့ကြပြီး ပြန်လည်ရောက်ရှိလာကြသော်လည်း အကြောင်း အမျိုးမျိုးကြောင့် တော်လှန်ရေး ခရီးဆက်မသွားနိုင်တော့ပေ။

**ချင်းအမျိုးသားတပ်ဦး( Chin National Front)**

၁၉၈၈ ခုနှစ်၊ မတ်လ(၂၀) ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ မီဇိုရမ် ပြည်နယ်၏မြို့တော် အိုင်ဇောလ်မြို့(Aizawl)၊ Chaltlang တွင် ဆွေးနွေးမှုပြုလုပ်ခဲ့ကြပြီး ယခင်ဇိုမီးလွတ်မြောက်ရေးတပ်ဦး (Zomi National Front)ကို ချင်းအမျိုးသား တပ်ဦး (Chin National Front) ဟု မှည့်ခေါ်ခဲ့ကြသည်။ ချင်းအမျိုးသားတပ်ဦး၏ ဥက္ကဋ္ဌအဖြစ် ပူးတျာလ်ခါလ်(Pu Tial Khal) မှဆောင်ရွက်ပြီး အထွေထွေအတွင်းရေးမှူးတာဝန် ပူးမန်ခုမ်(Pu Mang Khum)မှ ဆောင်ရွက်ခဲ့သည်။ ထိုနှစ် နိုဝင် ဘာလတွင် ချင်းအမျိုးသားတပ်ဦး ဗဟိုအစည်းအဝေးပြုလုပ်ခဲ့ကြပြီး ပူးနိုးထန်ကပ် (Pu No Thang Kap)အား ကချင် ပြည် နယ်လွတ်မြောက်ရေးအဖွဲ့(KIO)နှင့် တွေ့ဆုံဆွေးနွေးရန် ထိုင်းနယ်စပ်ရှိ ကရင်အမျိုးသားအစည်းအရုံး(KNU) ဌာန ချုပ်သို့ စေလွှတ်ခဲ့ကြသည်။ ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘရန်ဆိုင်းနှင့် တွေ့ဆုံခဲ့ကြပြီး နှစ်ဖွဲ့လက်တွဲ တော်လှန် တိုက်ပွဲဝင်သွားရေးနှင့် စစ်သင်တန်း ပေးရေးကိစ္စများ ဆွေးနွေးခဲ့ကြသည်။ ဤကဲ့သို့ ကရင်အမျိုးသားအစည်း အရုံး(KNU) ဌာနချုပ်သို့ (၃)ကြိမ်တိုင်တိုင်သွားရောက်ခဲ့ပြီးနောက် ဥက္ကဋ္ဌ ပူးတျာလ်ခါလ်ထံသို့ မိမိအား ဥက္ကဋ္ဌရာထူးအား ပေးရန် တောင်းဆိုခဲ့ရာ ပူးတျာလ်ခါလ်မှ လိုလိုလားလား ဥက္ကဋ္ဌ နေရာဖယ်ပေးပြီး ဗဟိုကော်မတီ၏ ထောက်ခံမှုဖြင့် ပူးနိုးထန် ကပ်(Pu No Than Kap)သည် ချင်းအမျိုးသားတပ်ဦး၏ ဒုတိယမြောက်ဥက္ကဋ္ဌဖြစ်လာခဲ့သည်။

၁၉၈၈ ခုနှစ်၊ မတ်လ မှ ဩဂုတ်လအတွင်း ဒီမိုကရေစီအုံကြွမှု ဗမာပြည်တစ်ပြည်လုံးပေါ်ပေါက်လာသောအခါ (၂၆) နှစ် လုံးလုံး တစ်ပါတီအာဏာရှင် အုပ်ချုပ်ရေးစနစ် အဆုံးသတ်သွားခဲ့သည်။ သို့သော် စက်တင်ဘာ (၁၈)ရက် နေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) (ခေါ်) စစ်အာဏာရှင်အစိုးရမှအာဏာ သိမ်းခဲ့ပြန်သည်။ စစ်တပ် မှ အာဏာသိမ်းပြီးနောက် ချင်းကျောင်းသားများနှင့် မျိုးချစ်လူငယ်များသည် စစ်အာဏာရှင်အစိုးရ ဖြုတ်ချရေးနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရရှိရေးအတွက် တိုက်ပွဲဝင်ရန် အိန္ဒိယနိုင်ငံသို့ ဝင်ရောက်လာကြသည်။ အိန္ဒိယအစိုးရမှ မီဇိုရမ် ပြည်နယ်၊ ဆိုင်ဟားမြို့(Saiha)နှင့် ကျန်ဖိုင်းမြို့(Champhai)များတွင် ဒုက္ခသည်စခန်းများ ဖွင့်လှစ်ပေးခဲ့ကြပြီး နေရာချ ထားပေးခဲ့သည်။ ထိုနှစ် နိုဝင်ဘာလအတွင်း ၎င်းဒုက္ခသည် စခန်း(၂)နှစ်ခုမှ မျိုးချစ်လူငယ်များသည် အမျိုးသား လှုပ်ရှား မှုပြုလုပ်နိုင်ရန်အတွက် မြန်မာနိုင်ငံဒီမိုကရက်တစ်တပ်ဦး (အနောက်ဘက်)( Burma Democratic Front,Western,BDF) ကို ဖွဲ့စည်းခဲ့ကြသည်။ နောင်တွင် အမျိုးသားလှုပ်ရှားမှုဦးဆောင်ပါတီဖြစ်သော ချင်းအမျိုးသား တပ်ဦး(CNF)သို့ ပူးပေါင်းဝင် ရောက်ခဲ့ကြသည်။

၁၉၈၉ ခုနှစ်၊ မတ်လတွင် ချင်းအမျိုးသားတပ်ဦးမှ တပ်ဖွဲ့ဝင်တချို့ ကေအိုင်အို(KIO) ထံသို့ စစ်ပညာသင်ယူခဲ့ကြ သည့်နည်းတူ နိုဝင်ဘာလတွင် အဖွဲ့ဝင် တချို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စစ်ပညာသင်ယူရန်နှင့် အခြေခံနယ်မြေ တည်ဆောက်ရေးအတွက် အသီးသီးထွက်ခွာခဲ့ကြသည်။ ထိုမှ တိုင်းပြည်နှင့်လူမျိုးလွတ်မြောက်ရေးအတွက် စွမ်းစွမ်းတမံ လက်နက်ကိုင် တိုက်ပွဲ ဝင်လျက်ရှိသည့် ချင်းအမျိုးသားတပ်မတော်(Chin National Army) မွေးဖွားလာခဲ့သည်။

၁၉၈၉ ခုနှစ်၊ အောက်တိုဘာတွင် ချင်းအမျိုးသားတပ်ဦးအတွင်း စိတ်ဝမ်းကွဲမှုဖြစ်ပွားကာ ပူးနီးထန်ကပ် ဦးဆောင် သောစီအင်အက်ဖ် နှင့် ပူးတျာလ်ခါလ် ဦးဆောင်သော စီအင်အက်ဖ် ဟူ၍ (၂)ဖွဲ့ ကွဲသွားခဲ့သည်။ ပါတီဝင်အများစုနှင့် ချင်းအမျိုးသားတပ်မတော်(CNA)သည် ဥက္ကဋ္ဌ ပူးနီးထန်ကပ်အား ထောက်ခံခဲ့ကြသည်။ ပူးတျာလ်ခါလ်ဦးဆောင်သော စီအင်အက်ဖ် အဖွဲ့သည် နောက်ပိုင်းတွင် ပါတီအမည် တစ်ခုပြီး တခု ပြောင်း၍ လှုပ်ရှားခဲ့သည်။ ချင်းအမျိုးသားလွတ်မြောက်ရေးကောင်စီ (Chin Liberation Council) အဖြစ် လှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်။ ပူးတျာလ်ခါလ်(Pu Tial Khal) သည်လည်း နောက်ပိုင်းတွင် အဖွဲ့အစည်းမှ နုတ်ထွက်ခဲ့သည်။ ပူးရိုဇထန်း (Pu Rozathang) မှ ချင်းအမျိုးသားလွတ်မြောက်ရေးကောင်စီအား ဦးဆောင်ခဲ့သော်လည်း ဆက်လက်လှုပ်ရှားမှု မပြုလုပ်နိုင်တော့ပေ။

ချင်းအမျိုးသားတပ်ဦးသည် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု(National Democratic Front)နှင့် မြန်မာနိုင်ငံ ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ်(Democratic Alliance of Burma) သို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီး စစ်အာဏာရှင်အ ဆုံးသတ်ရေးနှင့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးသောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ပြန်လည်ရရှိရေးအတွက် စွမ်းစွမ်းတမံတိုက်ပွဲဝင်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာ လ(၉)ရက်နေ့တွင် ဥက္ကဋ္ဌ ပူးနီးထန် ကပ်သည် ပါတီစည်းကမ်းချိုးဖောက်မှုကြောင့် ဥက္ကဋ္ဌ ရာထူးမှ ဖယ်ရှားခံရပြီး ရော်ဂျာအက်ဖ် ဗျက်လျန်ထန်(Roger F. Biak Lian Thang) ဦးဆောင်မှုဖြင့် အမျိုးသားလုံခြုံရေး အရေးပေါ် ကော်မတီ (National Security Emergency Committee) တရပ်ဖွဲ့စည်းပြီး ပါတီတာဝန်အရပ်ရပ်ကို တာဝန်ယူခဲ့သည်။ ပါတီညီလာခံ ခေါ်ယူ၍ ညီလာခံသို့ အာဏာ အရပ်ရပ်ကို အပ်နှင်း မည်ဖြစ်ကြောင်း ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ(၉)ရက်နေ့ ရက်စွဲဖြင့် ကြေငြာချက် အမှတ်-၁ /၉၂ ကို ထုတ်ပြန်ခဲ့သည်။

ချင်းအမျိုးသားတပ်ဦး၏ ပထမအကြိမ် ပါတီညီလာခံကို ၁၉၉၃ ခုနှစ်၊ ဇွန်လ (၉) ရက်နေ့ မှ(၁၆) ရက်နေ့အထိ ပါတီဌာနချုပ်တွင် ကျင်းပခဲ့ရာ တပ်ဦး၏ ဥက္ကဋ္ဌအဖြစ် ရော်ဂျာအက်ဖ် ဗျက်လျန်ထန်(Roger F.Biak Lian Thang) ဒုတိယဥက္ကဋ္ဌ သောမတ်စ်ထန်းနိုး (Thomas Thangno) နှင့် အထွေထွေအတွင်းရေးမှူးအဖြစ် ဘင်ဂျမင်သူရိန် (Benjamin Turing)တို့ အပြင် ဗဟိုကော်မတီဝင် (၈) ဦးအား တခဲနက်ရွေးကောက်တင်မြှောက်ခဲ့သည်။ တပ်ဦး၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့သည်။ ချင်းအမျိုးသားတပ်မတော်ကိုလည်း ကျစ်ကျစ်လစ်လစ် ပြန်လည်ဖွဲ့စည်းခဲ့ကြသည်။ ထိုနှစ် ဩဂုတ်လမှ စပြီး ပြည်သူလူထုအတွင်း ကျယ်ကျယ် ပြန့်ပြန့် စည်းရုံးရေး ဝင်ရောက်ခဲ့ကြပြီး စစ်ဆင်ရေးတခုပြီး တခုဆင်နွှဲ့လာခဲ့သည်။ မဟာမိတ်အဖွဲ့အစည်းများနှင့်လည်း ပိုမို၍ နီးနီးကပ်ကပ် ပူးပေါင်းလှုပ်ရှားလာခဲ့သည်။

ပါတီဥက္ကဋ္ဌ ရော်ဂျာအက်ဖ် ဗျက်လျန်ထန်(Roger F. Biak Lian Thang) ၏ ကျန်းမာရေး ချို့တဲ့မှုကြောင့် နုတ်ထွက်လွှာတင်သွင်းမှုက ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ (၂၂)ရက်နေ့ မှ စတင်ကျင်းပသော ပထမအကြိမ် ပါတီညီလာခံ သက်တမ်း၊ တတိယအကြိမ် ဗဟိုကော်မတီအစည်းအဝေးက လက်ခံကာ ပါတီအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဒုတိယ ဥက္ကဋ္ဌ သောမတ်စ် ထန်းနိုး(Thomas Thangno) မှ ပါတီ ဥက္ကဋ္ဌတာဝန်ကို ဆက်လက်တာဝန်ယူကာ အမျိုးသား တော်လှန်ရေးကြီးအား တစိုက်မတ်မတ် ဦးဆောင်လမ်းညွှန်မှုပေးခဲ့သည်။

တပ်ဦး၏ ဒုတိယအကြိမ်ပါတီညီလာခံကို ၁၉၉၇ခုနှစ်၊ ဇွန်လ(၂၀)ရက်နေ့မှ ဇူလိုင်လ(၈)ရက်နေ့ထိ ဝိတိုရိယ စခန်းတွင် အောင်မြင်စွာကျင်းပခဲ့ပြီး တပ်ဦး၏ရည်မှန်းချက် (၅)ရပ်ဖြစ်သော-

(၁) စစ်မှန်သော ဒီမိုကရေစီတည်ထောင်ရန်၊

ဤသို့တည်ထောင်ရာတွင်-

(က) အမျိုးသားပြည်နယ်များကိုအခြေခံသော ဖယ်ဒရယ်ပြည်ထောင်စုတည်ထောင်ရန်၊

(ခ ) အမျိုးသားပြည်နယ်များ၏ခွဲထွက်ခွင့်ကို ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြဌာန်းရန်၊

(ဂ ) ပြည်ထောင်စုတပ်မတော်ကို အမျိုးသားပြည်နယ်များ၏ တပ်မတော်မှတူညီသော တပ်အင်အားဖြင့် ဖွဲ့ စည်းရန်၊

(၂) ချင်းအမျိုးသားတရပ်လုံး ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ပြန်လည်ရရှိရန်၊

(၃) ချင်းအမျိုးသားတရပ်လုံးနှင့် ချင်းလဲန်ပြည်သူများစည်းလုံးညီညွတ်ရေးကို ပိုမိုကျစ်လစ်ခိုင်မာစေရန်၊

(၄) အမျိုးသားပိုင်နက်အတွင်း ငြိမ်ချမ်းရေး၊ ဥပဒေစိုးမိုးရေး၊ တရားမျှတရေးနှင့်တန်းတူညီမျှရေးတို့ကိုကာကွယ်ထိန်းသိမ်းရန်၊

(၅) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများနှင့် လူနေမှုအဆင့်အတန်းတရပ်လုံးမြင့်တင်ရေးအတွက် ချင်းလဲန်ပြည် သူများ နှင့် အတူတကွ ဖော်ဆောင်သွားရန် ဟူ၍ တခဲနက် ချမှတ်အတည်ပြုခဲ့ကြသည်။ ညီလာခံမှ တပ်ဦး၏ ဥက္ကဌအဖြစ် သောမတ်စ်ထန်နီး(Thomas Thang nou)၊ ဒုတိယဥက္ကဌ အဖြစ် ပူးဇင်ကျုံး( Pu Zing Cung)၊ အထွေထွေအတွင်းရေးမှူး အဖြစ် ဘင်ဂျမင် သူရိန်( Benjamin Turing)၊ တွဲဖက်အထွေထွေအတွင်းရေးမှူးအဖြစ် ခွါအုပ်လျန်(Khua Uk Lian) နှင့် ဗဟိုကော်မတီဝင် (၁၁)ဦး တို့ကိုရွေးချယ်တင်မြောက်ခဲ့သည်။ ၎င်းအပြင် စစ်အုပ်ချုပ်ရေးစနစ် လုံးဝချုပ်ငြိမ်းရေးအတွက် တိုက်ပွဲဝင်ရာတွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ဒီမိုကရေစီအင်အားစုနှင့်အတူလက်တွဲ၍ လည်းကောင်း၊ အပြန်အလှန်အထောက်အကူ ပြု၍ လည်းကောင်း ဆက်လက်တိုက်ပွဲဝင်သွားရန်နှင့် မယ်သရောထတွင် ကျင်းပသော တိုင်းရင်းသား လူမျိုးများနီးနှော ဖလှယ်ပွဲကြီး၏ သဘောတူညီချက်ကို ဆက်လက် ထိန်းသိမ်း အကောင်အထည်ဖော်ရန်တို့ကို ခိုင်မာစွာချမှတ်ခဲ့ကြသည်။

ချင်းအမျိုးသားတပ်မတော်၏ ပထမအကြိမ်တပ်မှူးညီလာခံကို ၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်မှ (၂၂) ရက်နေ့အထိ ဝိတိုရိယ စခန်းတွင် ကျင်းပခဲ့ရာ တပ်မှူးများမှ အမျိုးသားတပ်မတော် ကျစ်လစ်ခိုင်မာရေး၊ အမျိုးသားတပ်မတော်အင်္ဂါရပ် ပြည့်မှီနိုင်ရေးတို့ အတွက် ဆွေးနွေးဆုံးဖြတ်ခဲ့သည်။ ရန်သူ နဝတ အား စစ်ရေးအရ တိုက်ပွဲဆင်နွှဲ ရန်အတွက် မဟာဗျူဟာများ၊ နည်းဗျူဟာများ ဆွေးနွေးခဲ့ကြသည်။ ဦးဆောင်ပါတီ၏ လမ်းညွှန်မှုကို အမျိုး သား လွတ်မြောက်ရေးတိုက်ပွဲအောင်မြင်သည်အထိ ဒူးမထောက်၊ လက်မမြောက် တိုက်ပွဲဝင်ရန်သံဓိဌာန်ချမှတ်ကြသည်။

တပ်ဦး၏ တတိယအကြိမ် ပါတီညီလာခံကို ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ(၅-၁၂)ရက်နေ့အထိ ဝိတိုရိယစခန်းတွင် အောင်မြင်စွာကျင်းပခဲ့ပြီး ညီလာခံမှ တပ်ဦး၏ ရည်မှန်းချက်အဖြစ်-

(၁) အမျိုးသားတန်းတူမှုကိုအခြေခံသော ပြည်နယ်ပေါင်းစုံဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန်၊

(၂) ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ပြန်လည်ရရှိရန် တို့ကိုချမှတ်ခဲ့ကြသည်။

တတိယအကြိမ်ပါတီညီလာခံမှ ပါတီ၏ဥက္ကဌအဖြစ် သောမတ်စ်ထန်နီး(Thomas Thangnou) အား လည်းကောင်း၊ ဒုတိယ ဥက္ကဌအဖြစ် ဇင်ကျုံး(Zing Cung) အား လည်းကောင်း၊ အထွေထွေအတွင်းရေးမှူးအဖြစ် ထန်ယဲန်း(Thang Yen) အား လည်းကောင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူးအဖြစ် ဒေါက်တာ ရွှေခါးရဲ(Dr.Sui Khar)နှင့် ဗဟိုကော်မတီ ဝင် (၁၄) ဦး တို့အား ရွေးချယ်တာဝန်ပေးအပ်ခဲ့ကြသည်။

ဤညီလာခံမှ နအဖ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)၏ လမ်းပြမြေပုံသည် ၁၉၉၀ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲအနိုင်ရပါတီများနှင့် တိုင်းရင်းသားလူမျိုးတို့၏ အခန်းကဏ္ဍကို လုပ်ငန်းစဉ်တစ်ခု၌ လစ်လျူ ရှုခြင်း၊ အချိန်ဇယားမရှိခြင်း၊ ယခင်အမျိုးသား ညီလာခံ၏ အခြေခံမူ(၁၀၄)ချက်ကို အခြေခံရန်ဆန္ဒရှိခြင်း စသည်တို့ကြောင့် ဒီမိုကရေစီစနစ်သို့ ရှေ့ရှုသွားမည်မဟုတ်ဟု ရှုမြင်သုံးသပ်ခဲ့ကြသည်။ နအဖအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ဖြစ်ထွန်းစေရန်နှင့် တည်တံ့ခိုင်မြဲသည့်ဒီမိုကရေစီစနစ်ထူထောင်ရာတွင် တပြည်လုံး အပစ်အခတ်ရပ်စဲရေးနှင့် ပါတီအား လုံး၏ နိုင်ငံရေးလွတ်လပ်မှု ဝန်းကျင် ဖန်တီးရမည်ဖြစ်သည်။ ထိုမှတဆင့် မြန်မာနိုင်ငံရေး ဖြေရှင်းမှုလုပ်ငန်းစဉ်တွင် ၁၉၉၀ ခုနှစ်၊ ရွေးကောက်ပွဲအနိုင်ရပါတီများ၊ တိုင်းရင်းသားလူမျိုးများ၏ ပါတီများကို အသိအမှတ်ပြု၍ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပါဝင်စေကာ ခိုင်မာသောဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ်နှင့် ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုအစိုးရတရပ် ဖော်ဆောင်သွားရန် လိုအပ်သည်ဟု သဘောတူဆုံးဖြတ်ခဲ့ကြသည်။

စတုတ္ထအကြိမ်ပါတီညီလာခံကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ (၈)ရက်နေ့မှ (၁၄) ရက်နေ့အထိ ပြုလုပ်ခဲ့သည်။ ယင်းညီလာခံတွင် အမျိုးသားတန်းတူမှုကို အခြေခံသော ပြည်နယ်ပေါင်းစုံဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရရှိရေးတို့ကို ၎င်း၏ ရည်မှန်းချက်ပန်းတိုင်အဖြစ် ပြန်လည်ချမှတ်ခဲ့ကြသည်။ ချင်းအမျိုးသား တပ်ဦးအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(SPDC) မှ ရေးဆွဲ ပြဋ္ဌာန်းလိုက်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို အသိအမှတ်မပြုပေ။ ယင်းအခြေခံဥပဒေအရ ၂၀၁၀ ခုနှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကိုလည်း အသိအမှတ်ပြုမည်မဟုတ်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။ ပြည်တွင်း ငြိမ်းချမ်းရေးရရှိရေးအတွက် ဒီမိုကရေစီအင်အား စုများ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှုသည်သာ မှန်ကန်သော နိုင်ငံရေးလမ်းကြောင်းဖြစ်သည်ဟုသဘောထားပေးခဲ့ကြသည်။

စတုတ္ထအကြိမ်ပါတီညီလာခံ သက်တမ်းအတွက် ချင်းအမျိုးသားတပ်ဦး၏ ဥက္ကဋ္ဌအဖြစ် Pu Zing Cung၊ ဒုတိယ ဥက္ကဋ္ဌ (၁) အဖြစ် Pu Thomas Thangnou ၊ ဒုတိယ ဥက္ကဋ္ဌ (၂) အဖြစ် Pu Thang Yen ၊ အထွေထွေ အတွင်းရေးမှူး အဖြစ် Pu Paul Si Tha ၊ လက်ထောက် အထွေထွေအတွင်းရေးမှူး (၁) အဖြစ် Dr. Sui Khar ၊ လက်ထောက် အထွေထွေ အတွင်းရေးမှူး (၂) အဖြစ် Pu HC Ral Hnin ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ အဖြစ် Dr. Salai Ngun C. Lian, Pu Khua Uk Lian, Pu Solomon အပါအဝင် အခြားဗဟိုကော်မီတီဝင် (၁၃) ဦးကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ချင်းအမျိုးသားတပ်ဦး၏ အရေးပေါ် ပါတီညီလာခံကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၂- ၁၆ ရက်နေ့အထိ အိန္ဒိယ - မြန်မာနယ်စပ်တနေရာတွင် ကျင်းပပြုလုပ်ခဲ့သည်။ ညီလာခံတွင် တပ်ဦးပါတီဝင်များသာမက တပ်ဦး၏ ရည်မှန်း ချက်ဖြစ်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ ကိုယ့် ကြမ္မာကိုယ်ဖန်တီးခွင့်ပြန်လည်ရရှိရေး၊ ဒီမိုကရေစီအ ရေးတို့ကို လက်ခံပြီး အကောင်အထည်ဖော်လိုသော ချင်းအမျိုးသားတိုင်းကို အခြေခံပါဝင် စေလျက် ပါတီတည်ဆောက်ရေး နှင့် ပါတီ စည်းရုံးရေးလုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ခဲ့သည်။ ယင်းညီလာခံတွင် မြို့နယ် နှင့် ဒေသ ကိုယ်စားပြုများဖြင့် ဖွဲ့စည်းသည့် အဓိပတိကောင်စီ (Supreme Council) ကို ဖွဲ့စည်းခဲ့ကြပြီး ပါတီအဆင့်ဆင့် တာဝန် ပေးအပ်မှုတွင် အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်သော ညီလာခံ၊ ဗဟိုကော်မတီ အပြီးတွင် အဓိပတိကောင်စီသည် အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်လာခဲ့သည်။ ဥက္ကဋ္ဌ အဖွဲ့ (၄) ဦး ရွေးချယ်ခဲ့ကြပြီး ချင်းအမျိုးသားနိုင်ငံရေး. လှုပ်ရှားမှု သမိုင်းတွင် အထင်ကရ ပုဂ္ဂိုလ်များကို တာဝန်ပေးအပ်ခဲ့သည်။ အဓိပတိကောင်စီ ဖွဲ့စည်းရာတွင် ချင်းပြည်နယ် (၉) မြို့နယ်မှ တစ်ဦးစီ၊ ထာဒိုး/ကူကီး၊ လူရှိုင်း နှင့် အရှို ချင်းမျိုးနွယ်စုများမှ ကိုယ်စားလှယ်တစ်ဦးစီ၊ ချင်းအမျိုးသားတပ်ဦး အဖွဲ့ဝင် ဝါရင့်တော်လှန်ရေးသမားများအနက်မှ (၃) ဦး၊ ချင်းတတ်သိပညာရှင်များထဲမှ ကိုယ်စားလှယ် (၁) ဦး၊ အမျိုးသမီးကိုယ်စားလှယ် (၁) ဦး၊ ဖွဲ့စည်းပုံအရ အထွေထွေအတွင်းရေးမှူးချုပ် (၁) ဦး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး(၃) ဦး တို့ ပါဝင်သော အတွင်း

ရေးမှူးများအဖွဲ့တို့ ပါဝင်သည့် စုစုပေါင်း (၂၁) ဦးဖြင့် ဖွဲ့စည်းထားသည်။ ၎င်း (၂၁) ဦးအနက်မှ တပ်ဦး၏ အလုပ်အမှုဆောင်ကျ ဥက္ကဋ္ဌ (၄) ဦးတို့ကို အချင်းချင်း ညှိနှိုင်းရွေးချယ် စေကြပြီး ညီလာခံမှ အတည်ပြုပေးခဲ့သည်။ အလုပ်အမှုဆောင်ကျ ဥက္ကဋ္ဌများအဖြစ် (၁) ဒေါက်တာ ဇာလှယ်ထန်း (၂) ပူးလျန်အုပ် (၃) ဆလိုင်း ကစ်ခိုလျန် (၄) ပူး နန်လျန်ထန်တို့ဖြစ်သည်။ အထွေထွေ အတွင်းရေးမှူးချုပ်အဖြစ် ပူးဇင်ကျုံး အား ရွေးချယ်ခဲ့ကြသည်။ အလုပ်အမှုဆောင်ကျ ဥက္ကဋ္ဌ ၏ သက်တမ်းသည် (၁) နှစ်စီ ဖြစ်သည်။ ချင်းအမျိုးသားတပ်ဦး၏ ဆဋ္ဌမအကြိမ်ပါတီညီလာခံကို ၂၀၁၆ ခုနှစ်၊ ဇန္နဝါရီလ (၂၆) ရက်နေ့မှ (၃၀) ရက်နေ့ အထိ ကျင်းပခဲ့ပါသည်။ ဆဋ္ဌမအကြိမ်ပါတီညီလာခံကြီးက လက်ရှိဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆိုင်ရာ မဟာဗျူဟာအဖြစ် တပ်ဦး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးမှုဖြင့် အဖြေရှာသွားရန် သဘောထား ချမှတ်ခဲ့သည်။ ထို့အပြင် ငြိမ်းချမ်းရေးဆိုင်ရာအခြေခံမူအဖြစ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ အစုအဖွဲ့ အသီးသီးတွင် ပါဝင်ကြသော ချင်းအမျိုးသားများအနေဖြင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံသို့ တင်သွင်းမည့် အဆိုပြုလွှာများနှင့်ပတ်သက်ပြီး ချင်းအမျိုးသားတို့၏ ဘုံရပ်တည်ချက် ရရှိနိုင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်သွားရန် တညီတညွတ်တည်း သဘောတူခဲ့ကြသည်။ ယင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ပြည်သူလူထုထံသို့ အချိန်နှင့် တပြေးညီ တင်ပြနိုင်ရေးနှင့် အဆိုပြုချက်များရယူနိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားရန် နှင့် ပြည်တွင်း ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအလို့ငှါ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်တွင်တိုင်းရင်း သား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများအားလုံး ပါဝင်လာရေးအတွက် ကြိုးပမ်းသွားရန် ညီလာခံမှ သဘောထား ချမှတ်ခဲ့ကြသည်။

ဆဋ္ဌမ အကြိမ်ပါတီ ညီလာခံ သက်တမ်းအတွက် ချင်းအမျိုးသားတပ်ဦး၏ ဥက္ကဋ္ဌအဖြစ် Pu Zing Cung၊ ဒုတိယ ဥက္ကဋ္ဌ (၁) အဖြစ် Pu Thang Nang Lian Thang ၊ ဒုတိယ ဥက္ကဋ္ဌ (၂) အဖြစ် Dr. Salai Lian Hmung Sakhong ၊ ဒုတိယ ဥက္ကဋ္ဌ (၃) အဖြစ် Pu Thang Ning Kee ၊ အထွေထွေ အတွင်းရေးမှူးအဖြစ် Salai Thla Hei ၊ လက်ထောက် အထွေထွေအတွင်းရေးမှူး (၁) အဖြစ် Dr. Sui Khar ၊ လက်ထောက် အထွေထွေအတွင်းရေးမှူး (၂) အဖြစ် Pu Khua Uk Lian ၊ လက်ထောက်အထွေထွေ အတွင်းရေးမှူး (၃) အဖြစ် Salai Htet Ni တို့ အပါအဝင် ဗဟိုကော်မီတီဝင် (၄၅) ဦးကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ချင်းအမျိုးသားတပ်ဦး၏ သတ္တမအကြိမ်ပါတီညီလာခံကို ၂၀၂၀ ခုနှစ်၊ မတ်လ (၁၆) ရက်နေ့မှ (၁၉ ) ရက်နေ့ အထိ ဝိတိုရိယ ဗဟိုဌာနချုပ်တွင် ကျင်းပခဲ့ပါသည်။ သတ္တမအကြိမ်ပါတီညီလာခံကြီးက တပ်ဦး၏ ရည်မှန်းချက်ပန်းတိုင် အဖြစ် ချင်းအမျိုးသားတို့၏ ကိုယ်ပိုင်ပြဌာန်းခွင့် (Self-determination)ပြန်လည်ရရှိရန်၊ ဒီမိုကရေစီရေး၊ အမျိုးသား တန်း တူရေး နှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိပြီးနိုင်ငံရေးအရ တန်းတူမှုရှိသော အမျိုးသားပြည်နယ်များနှင့် ပထဝီအခြေခံ ပြည်နယ် များ ဖြင့် စုဖွဲ့ထားသည့် ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရန် ချမှတ်ခဲ့ကြသည်။ တပ်ဦး၏ မဟာဗျူဟာ အဖြစ် ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက်ရောက်ရှိနိုင်ရေးအတွက် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့်. ကိုယ်ပိုင်ပြ ဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု. ဖြင့် ဖော်ဆောင် သွားရန် နှင့် ထိုသို့ဖော်ဆောင်ရာတွင် စစ်ရေး နှင့် နိုင်ငံရေးကို ဟန်ချက်ညီညီ လုပ်ဆောင်သွားရန်ဆုံးဖြတ်ခဲ့ကြသည်။ ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်ချမှတ်ရာတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစု ပင်လုံအစည်းအဝေး အစုအဖွဲ့အ သီးသီးတွင် ပါဝင် သော ချင်းအမျိုးသားများအနေဖြင့် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများမှတဆင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ -၂၁ ရာစု ပင်လုံအစည်းအဝေးများသို့ တင်သွင်းမည့် အဆိုပြုလွှာများနှင့် ပတ်သက်ပြီး ချင်းအ မျိုး သားတို့၏ ဘုံရပ်တည်ချက်ရရှိနိုင်ရေးအတွက် ချင်းအမျိုးသားတပ်ဦး၏ ဦးဆောင်မှုဖြင့် လုပ်ဆောင်သွားရန် နှင့် နိုင်ငံ ရေး ဆွေးနွေးပွဲ

အဆင့်ဆင့် တွင် ချင်းအမျိုးသားတပ်ဦး၏ မူဝါဒ အပေါ်တွင် ခိုင်မာစွာရပ်တည်ပြီး ဆွေးနွေးညှိနှိုင်းသွားရန် ဆုံးဖြတ်ခဲ့ကြသည်။

သတ္တမ အကြိမ်ပါတီညီလာခံ သက်တမ်းအတွက် ချင်းအမျိုးသားတပ်ဦး၏ ဥက္ကဋ္ဌအဖြစ် Pu Zing Cung၊ ဒုတိယ ဥက္ကဋ္ဌ (၁) အဖြစ် Pu Thang Ning Kee ၊ ဒုတိယ ဥက္ကဋ္ဌ (၂) အဖြစ် Dr. Salai Lian Hmung Sakhong ၊ ဒုတိယ ဥက္ကဋ္ဌ (၃) အဖြစ် Dr Sui Khar ၊ အထွေထွေ အတွင်းရေးမှူးအဖြစ် Salai Thla Hei ၊ လက်ထောက် အထွေထွေအတွင်းရေးမှူး (၁) အဖြစ် Salai Ram Kulh Cung ၊ လက်ထောက် အထွေထွေအတွင်းရေးမှူး (၂) အဖြစ် Salai Htet Ni ၊ လက် ထောက် အထွေထွေအတွင်းရေးမှူး (၃) အဖြစ် Pu HC. Ral Hnin တို့ အပါအဝင် ဗဟိုကော်မီတီဝင် (၃၅) ဦးကို ရွေးချယ် တင် မြှောက်ခဲ့ ကြသည်။

## နိဂုံး

အမျိုးသားတော်လှန်ရေးသမိုင်းအကြောင်းကိုပြန်လည် သုံးသပ်ပါက ချင်းအမျိုးသားများသည် မိမိနိုင်ငံတော်အတွင်း လွတ် လပ်ငြိမ်းချမ်းစွာနေထိုင်ခဲ့ကြသော လူမျိုးများဖြစ်သည်နှင့်အညီ ဤချင်း နိုင်ငံတော်သည် မည်သည့် နိုင်ငံ၊ မည်သည့် လူမျိုး များ၏ လက်အောက်တွင်မျှ ခေါင်းငုံခံမည်မဟုတ်ပဲ " ငါတို့၏ နိုင်ငံတော်သည် ငါတို့သာ ပိုင်ဆိုင်ရမည်၊ ငါတို့၏ လူမျိုး များသည် ကမ္ဘာ့လူသား အားလုံး ခံစားရရှိသည့် လွတ်လပ်မှု၊ ငြိမ်းချမ်းမှု ၊ တန်းတူမှုကို ရရှိရမည်" ဆိုသည့် ယုံကြည်ချက် အပေါ်တွင် မားမားမတ်မတ်ရပ်တည်ခဲ့ကြသည်ကို တွေ့ရသည်။ ၁၉၅၈ခုနှစ် နှောင်းပိုင်းကာလမှစ၍ ချင်းလဲန် နှင့် ချင်းလဲန် ပြည်သူများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ကျူးကျော် တိုက်ခိုက် လုယူ သွားကြသည့် နယ်ချဲ့ အင်္ဂလိပ်တို့ကို လက် နက်နှင့် လူအင်အား မမျှတသည့်တိုင်အောင် သူ့ကျွန်ဘဝ ရောက်ရှိခြင်းထက် အသက်စတေးခြင်းသည် သာ၍ မြတ်၏ ဟူ သော လမ်းစဉ်ကို ရွေးချယ်ပြီး တိုက်ပွဲဝင်ခဲ့ကြသည်။ ပင်လုံစာချုပ်ကိုအခြေခံ၍ ၁၉၄၈ ခုနှစ်တွင် အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ခဲ့သော်လည်း ဗမာလူမျိုးကြီးဝါဒီတစ်စု၏ သူ့ကျွန်ဘဝသွတ်သွင်းမှုခံရပြန်သည်ကို ခေါင်းငုံမခံဘဲ နိုင်ငံရေးနှင့် စစ်ရေးနည်းများဖြင့် နည်းလမ်းပေါင်းစုံတော်လှန်တိုက်ပွဲဝင်ခဲ့ကြသည်။ စစ်အာဏာရှင်တက်လာပြီးနောက် လူမျိုးပါ ပျောက် ဆုံးတော့မည့်အခြေအနေထိ ချင်းအမျိုးသားများအနေဖြင့် ရင်ဆိုင်ကြုံတွေ့လာခဲ့ရာ ဓါးကိုဓါးချင်း၊ လှံကိုလှံချင်း၊ မတုံ့ပြန် ၍ မရသည့်အဆုံး လက်နက်စွဲကိုင်၍ ဆယ်စုနှစ်ပေါင်းများစွာ အသက်သွေး၊ ချွေးစတေးပြီး တိုက်ပွဲဝင်ခဲ့ကြသည်။ ချင်းတို့ ၏ အရင်းခံ စိတ်ဓါတ်၊ ခံယူချက်၊ ယုံကြည်ချက်သည် လွတ် လပ်ခြင်းမှတပါး တခြားမရှိ။ လွတ်လပ်ခြင်း အောင်လံ မထူသ ရွေ့ ချင်းတို့၏ တော်လှန်ရေးသည် ဆက် လက်ရှင်သန် နေမည်သာ ဖြစ်သည်။